**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဇန်နဝါရီလ ၂၀၁၅

### “ငါသောက်ရန် ရေအနည်းငယ်ပေးပါဟု သူမအားမိန့်တော်မူ၏” (ယောဟန် ၄း၇)

သခင်ယေရှုသည် ဂါလိလဲလေးယနယ်သို့ကြွမြန်းရန် ဂျူးဒေယနယ်မှ ထွက်ခွာခဲ့ပါသည်။ လမ်းခရီး၌ ကိုယ်တော်သည် ဆမာရိယပြည်ကို ဖြတ်သန်းသွားရ၏။ အချိန်ကားမွမ်းတည့်ချိန်ဖြစ်သည့်အလျောက် ပူပြင်းသည်နေရောက်အောက်၌ ကိုယ်တော်သည်ခရီးပမ်းလာသဖြင့် လွန်ခဲ့သော နှစ် ၁၇၀၀ခန့်က ယာကုပ်၏ရေတွင်းနံဘေးတွင်ထိုင်တော်မူ၏။ ကိုယ်တော်သည် ရေငတ်သော်လည်း ရေတွင်းထဲမှ ရေခပ်ရန် ရေပုံးမရှိချေ။ ရေတွင်းကားနက်လှ၏၊ အနက် ၃၅ မီတာခန့်ရှိပြီး ယနေ့ထက်တိုင်တည်ရှိနေပါသည်။

တပည့်တော်တို့သည် စားစရာဝယ်အံ့သောငှာ မြို့ထဲသို့သွားနေချိန်ဖြစ်သည်။ သခင်ယေရှုတစ်ပါး တည်းကျန်ရစ်ခဲ့စဉ် အမျိုးသမီးတစ်ဦးသည် ရေခပ်ရန်ရောက်လာပါသည့်အတွက် ရိုးရိုးလေးပင် သောက်စရာ ရေအနည်းငယ်ပေးပါဟု သူမအားတောင်းလိုက်ပါသည်။ ထိုခေတ်အခါအစဉ်အလာနှင့်ဆန့်ကျင်နေပါသည်။ အမျိုးသားတစ်ဦးသည် အမျိုးသမီးတစ်ဦးအားတိုက်ရိုက်ပြောဆိုခြင်း အထူးသဖြင့် မိမိအားမသိသောသူ တစ်ဦးအားစကားမပြောကြပါ။ ထိုထက်ဆိုးသည်မှာ ဂျူးလူမျိုးနှင့် ဆမာရိတန်လူမျိုးတို့အကြား တင်းမာမှုနှင့် ဘာသာရေးအယူသည်းမှုတို့ကလည်း ပြင်းထန်ချိန်ဖြစ်ပြီး သခင်ယေရှုသည် ဂျူးဖြစ်၍ အမျိုးသမီးမှာ ဆမာရိတန်လူမျိုးဖြစ်ပါသည်။ ထိုသူနှစ်ဦးတို့အကြား စိမ်းကားမှုနှင့် မုန်းတီးမှုမှာ သမိုင်းကြောင်းနှင့် နိုင်ငံရေးတွင် နက်ရှိုင်းစွာအရင်းခံလျက်ရှိပါသည်။ ထို့အပြင် သခင်ယေရှုနှင့် ထိုအမျိုးသမီးတို့အကြား ကာရံနေသည့် နောက်ထပ် တံတိုင်းတစ်ခုမှာ စာရိတ္တဆိုင်ရာဖြစ်ပါသည်။ ထိုအမျိုးသမီးမှာ ယောကျ်ားအများ နှင့် တရားမဝင်ဆက်ဆံနေသူဖြစ်သည်။ ထို့အတွက်ကြောင့်လည်း သူသည် ရေခပ်ရန်အတွက် အခြား အမျိုးသမီးများနှင့်အတူ နံနက်သို့မဟုတ် ညနေခင်းအချိန်မျိုးတွင်မလာဘဲ အချိန်အခါမဟုတ် နေခင်း ကြောင်တောင်ရေလာခပ်ဖြင်းဖြင့် လူအများ၏ဝေဖန်ပြောဆိုမှုမှ ရှောင်ရှားခြင်း ဖြစ်ဟန်တူပါသည်။

သခင်ယေရှုက မည်သည့်အပြစ်တင်မှု၊ အပြစ်ရှိမဆို၏လွှမ်းမိုးမှုကိုမခံဘဲ မသိသောအမျိုးသမီးအားစကား စခဲ့ပါသည်။ ကိုယ်တော်က အမျိုးသမီး၏နှလုံးသားအတွင်းသို့ ချဉ်းနင်းဝင်ရောက်လိုသဖြင့် ပြောသည်မှာ –

**“ငါသောက်ရန် ရေအနည်းငယ်ပေးပါ”**

ကိုယ်တော်ထံတွင် သူမအားပေးရန် အသက်စမ်းရေတည်းဟူသောလက်ဆောင်ရှိပါသည်။ “ရေငတ်သောသူသည် ငါ့ထံသို့လာ၍သောက်စေ၊ ငါ့ကိုယုံကြည်သောသူ၏နှလုံးသားမှ အသက်စမ်းရေသည် မြစ်များကဲ့သို့စီးဆင်းလိမ့်မည်။ (ယောဟန် ၇း၃၇–၃၈) ဂျေရုဆလင်၌ ကိုယ်တော်၏ထိုကြွေးကြော်ချက်ကို နောက်ပိုင်းတွင် ကျွန်ုပ်တို့ကြားရပါသည်။ ရေသည် သက်ရှိတိုင်းအတွက် မရှိမဖြစ်လိုအပ်သာအရာဖြစ်ပြီး ပါလက်စတိုင်းလိုဒေသမျိုးအတွက် ပို၍ပင်တန်ဖိုးရှိလှပေသည်။ သခင်ယေရှုပေးလိုသည်မှာ “အသက် စမ်းရေ” ဖြစ်ပြီး ချစ်ခြင်းမေတ္တာတည်းဟူသောအဖခမည်းတော်ဘုရား၊ သူဆောင်ယူခဲ့သော မြင့်မြတ်တော်မူသည့်အသက်တာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်၏ဗျာဒိတ်တော်ကိုကိုယ်စားပြုသည့် အမှတ်လက္ခဏာလည်းဖြစ်သည်။ သူပေးသောအရာရာတိုင်းသည် အသက်ရှင်ခြင်းနှင့် အသက်ကိုပေးနေခြင်း ဖြစ်သည်။ ကိုယ်တော်တိုင်သည်ပင်လျှင် အသက်ပေးသောမုန့် (ယောဟန် ၆း၅၁ တွင်ရှု)၊ အသက်ကို ပေးပိုင်တော်မူသောနှုတ်ကပတ်တော် (ယောဟန်၅း၂၅တွင်ရှု) သို့မဟုတ် အသက်ဖြစ်ပါသည် (ယောဟန် ၁၁း၂၅–၂၆ တွင်ရှု)။ လက်ဝါးကပ်တိုင်ထက်၌ရှိစဉ် မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သော ယောဟန်က “စစ်သူရဲများထဲမှတစ်ဦးကား ကိုယ်တော်၏နံဘေးတော်ကို လှံဖြင့်ထိုးလေ၏၊ ထိုအခါသွေးနှင့်ရေသည် ချက်ချင်းထွက်လာ၏” (ယောဟန် ၁၉း၃၄)ဟု သက်သေခံခဲ့ပါသည်။ ယင်းကား အပြင်းထန်ဆုံးသော မိမိကိုယ်ကို အကြွင်းမဲ့ပေးဆက်ခြင်းပင်ဖြစ်တော့သည်။

သို့သော်သခင်ယေရှုက အခြားသူများအပေါ် အတင်းအကြပ်မတိုက်တွန်းပါ။ ကိုယ်တော်က ထိုအမျိုးသမီး၏ပုံမှန်မဟုတ်သည့် ပေါင်းသင်းနေထိုင်မှုကိုပင် ပြစ်တင်ဝေဖန်ခြင်းမပြုခဲ့ပါ။ အရာရာကို ပေးပိုင်သောကိုယ်တော်က တောင်းခံမှုပြုလိုက်ခြင်းသည် ထိုအမျိုးသမီး အမှန်တကယ်လိုအပ်နေသော ကျေးဇူးတော်သည် သူ့၌ရှိနေသောကြောင့်တည်း။

**“ငါသောက်ရန် ရေအနည်းငယ်ပေးပါ”**

ကိုယ်တော်သည်ပင်ပမ်းသောကြောင့် တောင်းခံခဲ့သည်။ အသက်သခင်ဖြစ်တော်မူသော ကိုယ်တော်သည် မိမိ၏လူ့ဇာတိအစစ်အမှန်ကို မကွယ်မဝှက်ဘဲ တောင်းခံသူဖြစ်လာပါသည်။

သူတောင်းခံရခြင်း၏နောက်အကြောင်းတစ်ခုမှာ အကယ်၍တစ်ပါးသူက ပေးကမ်းလာပါက ထိုသူသည်အလွယ်တကူနှင့် ပွင့်လင်းမှုပိုရှိလာပြီး ကျေးဇူးတော်ကို ကြိုဆိုလက်ခံရန်အသင့်ဖြစ်နိုင်သောကြောင့်တည်း။

ဤမေတ္တာရပ်ခံချက်က ငြင်းခုန်ခြင်း၊ နားလည်မှုလွဲမှားခြင်းတို့ဖြင့်အစပြုကာ အဆုံး၌ သခင်ယေရှုက မိမိကိုယ်ကိုမည်သူမည်ဝါဖြစ်ကြောင်းသိမြင်စေခဲ့သော လေးနက်သည့်အသိအမှတ်ပြုမှုတစ်ရပ်သို့ ရောက်ရှိခဲ့ပါသည်။ ၎င်းတို့၏ပြောစကားများက အမျိုးသမီး၏ကာကွယ်ပြောဆိုနေသည့်အဟန့်အတားများအား ကျော်လွှားသွားစေခဲ့ပြီး သူမအား သမ္မာတရားကို သိမြင်စေခဲ့ပါသည်။ ထိုအရာကား ကိုယ်တော်ရှင်ဆောင်ယူလာသောအသက်စမ်းရေတည်း။ ထိုအခိုက်အတံ့ဝယ် ထိုအမျိုးသမီးသည် လုံးဝသွင်ပြင်ခြားနားသည့်ကြွယ်ဝမှုများအားတွေ့ရှိခဲ့သောကြောင့် သူ့အတွက်အဖိုးထိုက်လှသောရေအိုးကို ထားရစ်ခဲ့ပြီး မြို့ထဲသို့အပြေးသွားကာ လူတို့အား သူကြုံတွေ့ရသည့်အကြောင်းကိုပြောပြပါတော့သည်။ သူသည်လည်း အခြားသူတို့အားအတင်းအကြပ်တိုင်းတွန်းခြင်းမပြုဘဲ သူကြုံတွေ့သမျှအဖြစ်ကြောင်းစုံလင်ကို ပြောပြရာမှာ ထိုပုဂ္ဂိုလ်တောင်းခံလာသောမေးခွန်း အကြောင်းလည်းပါဝင်ပါသည်။

## "ငါသောက်ရန် ရေအနည်းငယ်ပေးပါ"

ကျွန်ုပ်တို့အားသတိပေးနေသော နှစ်စဥ်ယခုလအတွင်းပြုလုပ်လေ့ရှိသည့် အသင်းတော်များ စည်းလုံးညီညွတ်ရေးအပြန်အလှန်ဆွေးနွေးဖလှယ်မှုအား မည်သို့ဖေါ်ဆောင်ရမည်ကို ရှင်းလင်းဖေါ်ပြချက်အား ဤနေရာတွင်တွေ့မြင်နိုင်ပါသည်။ ခရစ်ယာန်အသင်းတော်များစည်းလုံးညီညွတ်ရေးအတွက် ဝတ်ပြုရာရက်သတ္တပတ်က နှစ်ပေါင်းများစွာ အသင်းတော်များအကြား ဝမ်းနည်းဖွယ်ရာကွဲပြားနေမှုကို သတိပြုစေပါသည်။ ယင်းကား သခင်ယေရှုက ဂျူးလူမျိုးများနှင့် ဆမာရီတန်လူမျိုးတို့အကြား ကွဲပြားနေမှုများကို ကျော်လွှားခဲ့သည့်နည်းတူ အတားအဆီးတိုင်းကိုကျော်လွှန်ပြီး ခိုင်မာသောပေါင်းစည်းချိန်သို့ အမြန်ဆုံးရောက်ရှိရန် ကျွန်ုပ်တို့အားဖိတ်ခေါ်နေပါသည်။

ခရစ်ယာန်တို့အကြားကွဲပြားမှုသည် ကွဲပြားမှုအမျိုးမျိုးထဲမှ တစ်ခုဖြစ်ပြီး မိသားစုများ သို့မဟုတ် အိမ်နီးနားချင်းများအကြား နားလည်မှုလွဲမှားခြင်းများ၊ သဘောထားကွဲခြင်းများ၊ လုပ်ငန်းခွင်အတွင်း တင်းမာမှုများ၊ လာရောက်အခြေချနေထိုင်သူတို့အပေါ် ခါးသီးမုန်းတီးမှုများကို ဖြစ်ပေါ်စေသည့် လူမှုနယ်ပယ်အသီးသီးတွင် ဆက်ဆံရေးများကိုပိုင်းခြားစေလျက်ရှိပါသည်။ ကျွန်ုပ်တို့အားပိုင်းခြားစေသည့်အဟန့်အတားများမှာ သဘာဝအလျောက် လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး သို့မဟုတ် ရိုးစင်းလှစွာ ယဥ်ကျေးမှုဓလေ့စရိုက်များမတူညီခြင်းကို မည်သို့လက်မံရမှန်းမသိခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ ၎င်းတို့မှာ နိုင်ငံများ၊ လူမျိုးစုများအကြားပဋိပက္ခကို မြင့်မားစေနိုင်သလို ကျွန်ုပ်တို့နေထိုင်ရာလက်ရှိ နေရာတွင်ပင် ရန်လိုမုန်းတီးမှုကိုဖြစ်စေသောအရာများဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုကဲ့သို့ အခြားသူများထံ ပွင့်လင်းပြီး ကွဲပြားမှုနှင့် သဘောထားကျဥ်းမြောင်းမှုတို့အား ကျော်လွှားသွားအောင် မစွမ်းဆောင်ကြဘူးလား။ အကြောင်းအရာများပြောနေသော်လည်း အဘယ်ကြောင့်နားမထောင်ကြသနည်း။ တောင်းပန်နေမှုကို အဘယ်ကြောင့် နားလည်မှု၊ အကူအညီ၊ အနည်းငယ်မျှလောက်သော စိတ်ဝင်စားပေးမှုလောက်ပင် မပေးနိုင်

ကြသနည်း။ ကိုယ်နှင့်ပြိုင်ဘက်နယ်မြေသို့မဟုတ် ယဉ်ကျေးမှု၊ ဘာသာ၊ လူမှုအဆင့်အတန်း မတူသူများတွင် ကိန်းဝပ်လျက်ရှိသော သခင်ယေဇူးက ကျွန်ုပ်တို့အားမိန့်တော်မူသည်မှာ–

**“ငါသောက်ရန် ရေအနည်းငယ်ပေးပါ”**

အလားတူစကားကို လက်ဝါးကပ်တိုင်ထက်၌ သခင်ယေဇူးမိန့်ဆိုခဲ့ခြင်းအား ရှင်ယောဟန်ကမျက်မြင်ကိုယ်တွေ့ခဲ့ကြောင်းကို သူ၏ကျမ်းထဲ၌ဖော်ပြခဲ့ပြန်ပါသည်။ “ငါရေငတ်သည်ဟုမိန့်တော်မူ၏” (ယောဟန်၁၉း၂၈)။ ယင်းကား အခြေခံလိုအပ်ချက်ဖြစ်ပြီး အခြားလိုအပ်ချက်တိုင်းအတွက် ဖော်ပြချက်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်စီတိုင်းအတွက် တစ်ခုခုလိုအပ်ချက်များရှိကြပါသည်။ ထိုသူသည် အလုပ်လက်မဲ့ဖြစ်ခြင်း၊ အထီးကျန်ဖြစ်ခြင်း၊ တိုင်းတစ်ပါးသားဖြစ်ခြင်း၊ ယုံကြည်ရာအချက် သို့မဟုတ် ကိုးကွယ်သည့်ဘာသာတရားကွဲပြားခြင်း၊ သို့မဟုတ် အပေါင်းအသင်းမလုပ်တတ်သူဖြစ်နေလျှင်ပင် “ငါရေငတ်သည်” ဟုလည်းကောင်း ၊ ငါသောက်ရန်ရေအနည်းငယ်ပေးပါဟုလည်းကောင်း ကျွန်ုပ်တို့အား မိန့်ဆိုသော သခင်ယေဇူးကို ကျွန်ုပ်တို့သိမြင်နိုင်ပါသည်။ ကျွန်ုပ်တို့လုပ်ရန်မှာ ရေတစ်ခွက်ကို ပေးကမ်းလိုက် ဖို့သာဖြစ်ပြီး ထိုသို့ပြုခြင်းအတွက် ဆုလာဘ်ခံစားရမည်အကြောင်း (မာတေဦး ၁၀း၄၂)၊ ရင်းနှီးကျွမ်းဝင်ခြင်းကိုပြန်လည်တည်ဆောက်ရန် အပြန်အလှန်ပြောဆိုမှုကိုအစပြုကြဖို့ သမ္မာကျမ်းစာက ပြောကြားနေပါသည်။

ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏လိုအပ်ချက်များကို ရှက်ကြောက်ခြင်းမရှိဘဲ ‘ငါရေငတ်သည်၊’ ‘ငါသောက်ရန် ရေအနည်းငယ်ပေးပါ’ ဟု ဖော်ပြတောင်းဆိုနိုင်ရမည်။ ထို့နောက် ရိုးသားစွာစကားစမြည်ပြောရင်း ကွဲပြားမှုအတွက်စိုးရွံ့ခြင်းမရှိဘဲ မိမိတို့၏သဘောထားများကိုစွန့်စားဝေမျှခြင်း သို့မဟုတ် အခြားသူများအားလက်ခံကြိုဆိုခြင်းဖြင့် စစ်မှန်သောပေါင်းစည်းခြင်းကို အစပြုနိုင်ပါသည်။ မိမိရှေ့မှောက်၌ရှိသောသူ၏ ဖြစ်နိုင်ခြေအားလုံး၊ သူ၏အစွမ်းအစ (တိမ်မြုပ်နေသည့်တိုင်) တို့ကို အခွင့်ကောင်းယူပြီး သခင်ယေဇူး က သူ မပြုနိုင်သောရေငင်ခြင်းအမှုအတွက် အမျိုးသမီး၌မည်သို့အသိအမှတ်ပြုရမည်ကို သိသကဲ့သို့ ကျွန်ုပ်တို့လည်းချဉ်းကပ်မှုကိုပြုကြပါစို့။

*Fabio Ciardi*